အောင်နိုင်ကျေးရွာ

လပွတ္တာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်နိုင်ကျေးရွာ၊ လပွတ္တာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ မတ် လ

မာတိကာ

မာတိကာ

စကားချီး

အောင်နိုင်ကျေးရွာ သယံဇာတပြမြေပုံ

အောင်နိုင်ကျေးရွာ ရာသီခွင်ပြမြေပုံ

အောင်နိုင်ကျေးရွာ (Venn Diagram) အဖွဲ့အစည်းပြမြေပုံ

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာ မီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက် အဆိုပြုလွှာ (၁)

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄/၂၅ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ် လ ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်နိုင်ကျေးရွာ

လပွတ္တာမြို့နယ်

အောင်နိုင်ကျေးရွာ သယံဇာတပြမြေပုံ၊ လပွတ္တာမြို့နယ်



အောင်နိုင်ကျေးရွာ ရာသီခွင်ပြမြေပုံ၊ လပွတ္တာမြို့နယ်



အောင်နိုင်ကျေးရွာ၏ အဖွဲ့အစည်းပြမြေပုံ (Venn Diagram)



အဝိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အောင်နိုင်ကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့ နယ်၊ အုန်းတပင်ကျေးရွာအုပ်စုတွင် တည်ရှိသည်။ ကျေးရွာသည် လပွတ္တာမြို့နှင့် ရေမိုင် (၂၀)မိုင် ခန့်ကွာဝေးပြီး ရေလမ်းခရီးတစ်ခုတည်းဖြစ်သာ ဆက်သွယ်သွားလာနိုင်ပါသည်။ ကျေးရွာ၏ ရွာလမ်းခွဲများနှင့် လမ်းမကြီးအရှည်သည် ပေ(၃၃၀၀)ပေရှိပြီး အရှေ့ဘက်တွင် ဘေးကျိုးချောင်းရှိပြီး တစ်ဖက်တွင် ထင်းပုံကွင်းကျေးရွာရှိပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် ကြိမ်ချောင်းကျေးရွာနှင့် ဆက်သွယ်ထားသော ရွာချင်းဆက်လမ်း ရှိပါသည်။ အနောက်ဘက်တွင် နတ်ကတော်ကျေးရွာနှင့် ဆက်သွယ်ထားသော ကျေးရွာရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ချောင်းရှိပြီး တစ်ဖက်တွင် သနပ်ဖက် ကျေးရွာ တည်ရှိပါသည်။ ကျေးရွာလမ်းသည် ကွန်ကရစ်လမ်းနှင့် အုတ်လမ်းများဖြစ်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ငွေကြေးတက်နိုင်သလောက် ခင်းထားသော်လည်း လုံလောက်မှုမရှိသဖြင့် (၅)ပေ၊ (၃)ပေ အကျယ်နှင့် (၂)လက်မထုသာ ခင်းထားပါသည်။ လှေ၊ စက်လှေဖြင့်သာ အသုံးပြုသွားလာ ကြပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနှင့် ကရင်လူမျိုးအနည်းစုနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၇၀)ခန့် ဖြစ်ပြီးနှစ်စဉ်ပျှမ်းမျှ နေပူချိန်(၃၂·C) ဖြစ်ပါသည်။ ကျေးရွာတွင် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် နေပူရှိန် ပူပြင်း၍ ဇွန်၊ ဇူလိုင်၊ သြဂုတ် လများတွင် မိုးများသောကြောင့် မိုးရေကောင်းစွာရရှိပါသည်။ မိုးများ၍လယ်ကွင်းနှင့် ချောင်းများမှ ရေမှတ်မြင့်တက်လာပါက ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားသော ရေတံခါးမှ လိုအပ်သော ရေမှတ်သို့ ထုတ်လွှတ်လျှော့ချပေးပါသည်။ ကျေးရွာတွင် လယ်သမားအများစု လယ်လုပ်သား၊ ငါးဖမ်းရေလုပ်သားများ နေထိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးလယ်မြေ(၅၈၆)ဧကရှိ၍ စိုက်ပျိုးမြေများ၏ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတုမြေဩဇာ သုံးစွဲမှသာလျှင် စပါးထွက်နှုန်းကောင်းမွန်ပါသည်။ ထိုကဲ့သို့ စပါးထွက်နှုန်းကောင်းမွန်ရန်အတွက် နှစ်စဉ် ဓါတုမြေဩဇာများ သုံးစွဲမှုကြောင့် ယခုအခါဒေသမျိုးရင်းဖြစ်သော ပေါ်ဆန်းစပါးများမှာ အရည်အသွေးများ ကျဆင်းလာသည်ကို လယ်သမားများကြုံတွေ့ခံစားလာရသည်။ ၎င်းသက်ရောက်မှုကြောင့် စပါးစျေးနှုန်းများ ကျဆင်းလာ၍ လယ်သမားများသွင်းအားစု မြင့်တက်၍ အကျိုးအမြတ်နည်းပါးလာပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ (ကျား ၄ဦး + မ ၃ ဦး)သည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးဆောင်အဖွဲ့ (ကျား၁၀ဦး + မ၃ဦး)သည် ကျေးရွာစာသင်ကျောင်း ရှိဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက် ရှိပါသည်။ ဘာသာရေးအဖွဲ့(ဗုဒ္ဓ)(ကျား၅၀ဦး + မ၅၀ဦး) အဖွဲ့သည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်း များတွင် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျန်းမာရေးအဖွဲ့မှာ (ကျား-၅ဦး + မ-၂ ဦး)သည် ကျန်းမာရေးနှင့်သက်ဆိုင်သည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အရန်မီးသတ်တပ်ဖွဲ့မှာ (ကျား-၅ဦး) ရှိပြီး ကျေးရွာ၏ လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။

အခြားဘာသာရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အခါအားလျော်စွာ ဖြစ်ပေါ်လာသော အခြေအနေကိုလိုက်၍ ယာယီအဖွဲ့များဖွဲ့စည်းဆောင်ရွက်စုပေါင်း ဖြေရှင်းကြပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ယခင်နာဂစ်လွန်ပြန်လည်ထူထောင်ရေးကာလ၌ NGO အဖွဲ့အစည်းများ ဝင်ရောက်ချိတ်ဆက်၍ ကျေးရွာပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ပေးမှုများ ရှိခဲ့သော်လည်း ယခုအခါတွင် လာရောက်ချိတ်ဆက်ခြင်း ဆောင်ရွက်ပေးခြင်းများ မရှိတော့ပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၅) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၄) အိမ်ထောင်စု၊ အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၂၆) အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ကေမှာ(၅၆၈)ဧကအားလုံးအတွက် ရေအရင်းအမြစ်ကို ဆည်မြောင်း ပတ်တာအတွင်း မိုးရေခံ၍ ရေလွှဲဆည်မှ ရေသွင်းရေထုတ် အလျောအတင်းပြုလုပ်၍ သုံးစွဲကြ

ပါသည်။ ၎င်းပတ်တာအတွင်းသို့ မိုးရာသီကုန်းဆုံးချိန်တွင် ရေငန်ဝင်၍ မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုးရသည်။ ကျေးရွာ၏ အဓိကသီးနှံမှာ စပါးဖြစ်ပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၅၀)တင်းသာရှိပါသည်။ သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း မြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုး သောကြောင့် လယ်ယာမြေများ နံဘေးရှိ စောင်းရိုးကို ပြန်လည်တူးဖော်မှု လုပ်ဆောင်ကြပါသည်။ အချို့သောမိသားစုများမှာ လယ်လုပ်ငန်းပြီးဆုံးချိန် အလုပ်အကိုင်ရှားပါးသော လများတွင် အခြားမြို့ရွာများသို့ ယာယီရွှေ့ပြောင်းလုပ်ကိုင်ကြ သည်။

စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကိုသာ အဓိကထားပြီး လုပ်ကိုင်သောကျေးရွာ ဖြစ်သောကြောင့် မိုးရာသီအချိန် တစ်ရွာလုံးနီးပါး အလုပ်အကိုင်ရှားမှု ကြုံတွေ့ရပါသည်။ မိုးတွင်းကာလသည် ဝမ်းစာဖူလုံမှုရှိသော ကျေးရွာဖြစ်ပါသည်။ မိုးဦးမိုးနှောင်း ကာလများ တွင်ဖြစ်ရိုးဖြစ်စဉ် မုန်တိုင်းဒဏ်လေပြင်းများလည်း ခံစားရပါသည်။ ပြင်ပချေးငွေရယူသုံး စွဲသော ကာလဖြစ်ပါသည်။ ထွန်းစက်(၂၁)စီး၊ လက်တွန်းထွန်းစက်(၄)စီး၊ ရိတ်သိမ်းခွေ့ လှေ့စက်(၁)စီး၊ ခွေလှေ့စက်(၄)စီးအား အိမ်ထောင်စု အသီးသီးမှ ပိုင်ဆိုင်ကြပြီး အသက်မွေး ဝမ်းကျောင်းအား အထောက်အကူပစ္စည်းများဖြစ်ပါသည်။

ကျေးရွာရှိ အမျိုးသမီးအများစုသည် အခြားဝင်ငွေရလုပ်ငန်းအနေဖြင့် တစ်ပိုင် တစ်နိုင် ကြက်၊ ဝက်၊ ဘဲများ မွေးမြူကြပါသည်။ တစ်ချို့သော အမျိုးသမီးများသည် ခေါင်းရွက်ဗျက်ထိုး စျေးရောင်းခြင်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်ခြင်းနှင့် ကုန်စုံရောင်းသော လုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ အစိုးရဝန်ထမ်း အချို့လုပ်ကိုင်သူများလည်းရှိ ကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ ရန်ကုန်မြို့၊ မန္တလေးမြို့ကြီးများနှင့် ပြည်ပသို့ ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသူများလည်း ရှိကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၄) အိမ်ရှိပြီး နွားကောင်ရေ (၁၃) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု (၃၃) စုမှ (၆၆) ကောင်၊ အိမ်ထောင်စု (၂) အိမ်မှ ဆိတ် (၇) ကောင်၊ အိမ်ထောင်စု (၅၅) အိမ်မှ ဝက် (၈၃) ကောင်၊ အိမ်ထောင်စု (၈၆) အိမ်မှ

ကြက် (၁၀၈၂)ကောင်၊ အိမ်ထောင်စု (၇၀) အိမ်မှ ဘဲ (၁၇၂၀)ကောင်နှင့် ရေချိုငါးဖမ်းလုပ်ငန်း စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြ ပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် တစ်ပိုင်တစ်နိုင် စျေးဆိုင်များနှင့် အရောင်းအဝယ်လုပ်ငန်းစသည့် လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပြီး၊ လက်သမား၊ ပန်းရံ လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသဖြင့် အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အားရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် စျေးကွက်အသင့်အတင့် ရှိသော်လည်း စျေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရ လုပ်ငန်းများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူပြီးကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများသည် အခြားပုဂ္ဂလိကများမှ ငွေကျပ်(၁၀၀)အပေါ်လျှင် အတိုးနှုန်း (၃ကျပ်မှ ၁၀ကျပ် အထိ) အတိုးယူကြရကြောင်း တွေ့ရပါသည်။ လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေး

လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာတွင် အစိုးရချေးငွေများ မရှိပါ။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်လှေပို့ဆောင်ခြင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လှေသမ္ဘာန် (၄) စီး၊ စက်လှေ (၁၅) စီး၊ စက်ဘီး (၁) စီး၊ မော်တော်ဆိုင်ကယ် (၁)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် ကွန်ကရစ်တံတား (၂)စင်းရှိကာ ဆိပ်ခံတံတား (၂၂'×၅'×၁၀') အတိုင်းအတာ တံတားနှင့် ကျေးရွာမှလုပ်အားများဖြင့် တည်ဆောက်ခဲ့ပြီး (၅၅'×၇'×၁၀') ရေပြွန်တံတားမှာ ကျေးရွာလူထုထည့်ဝင်ငွေ၊ လုပ်အားဖြင့်ပူးပေါင်း ဆောင်ရွက်ခဲ့သော ကွန်ကရစ်တံတားဖြစ်ပါသည်။ သက်တမ်းမှာ (၅)နှစ်အထက်ဖြစ်သဖြင့် အရည်အသွေးအားဖြင့် ကောင်းမွန်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့် အလှမ်းမမှီခြင်းကြောင့် လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်ပါ။ အချို့အိမ်ထောင်စုများမှာ ဆိုလာမီး၊ Batteryမီးကို အသုံးပြုပြကြပါသည်။ တီဗွီကြည့်ခြင်း မီးထွန်းခြင်းလောက်သာ အသုံးပြုနိုင်ပြီး အခြားစက်မှုလုပ်ငန်းများကို ကိုယ်ပိုင် မီးစက်များဖြင့် အသုံးပြုရပြီး ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်မီးနှင့် မီးသွေးစသည့် လောင်စာများကို အသုံးပြုရပါသည်။ သို့အတွက်ကြောင့် မီးဘေးအန္တရာယ် စိုးရိမ်းဖွယ်ရာ ရှိနေပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၂၃) လုံး၊ ရေဒီယို (၉) လုံး၊ တီဗွီ (၄၇) လုံး၊ ဂြိုလ်တုစလောင်း (၁)လုံး စသည်တို့ရှိသည့်အတွက်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာရရှိနိုင်သော ပစ္စည်းများ အတွက် အသင့်အတင့်ကောင်း မွန်ပါသည်။

၆။ ပညာရေး

ကျေးရွာစာသင်ကျောင်းမှာ မူလွန်အဆင့်ပညာရေးဖြစ်ပါသည်။ ကျောင်းသား ဆရာ/မ အချိုးမှာ သင့်တင့်မျှတသော အခြေအနေရှိပါသည်။ ကျေးရွာ၏ ပညာရေးအဆင့် အတန်းကို လေ့လားဆန်းစစ်ကြည့်လျှင် သင့်တင့်သော အဆင့်အတန်း တစ်ခုတွင်ရပ်တည် နေနိုင်သည်ဟု သုံးသပ်ရပါမည်။ ပင်မကျောင်းဆောင်သည် (၆၀'×၃၀'×၁၀') အတိုင်းအတာ ရှိသော အုတ်ခုံသစ်သားတိုင်း၊ အုတ်ညှပ်၊ သွပ်မိုးကျောင်းဖြစ်ပါသည်။ အစိုးရခန့် ဆရာ/မ(၈)ဦး ရှိပါသည်။ ကျေးရွာတွင်ဘွဲ့ရ ပညာတက်လူငယ်များ ယခင်ကထက် နှိုင်းယှဉ်လျှင် ပိုမိုတိုးတက်လျက်ရှိပါသည်။ လက်ရှိ အနေအထားတွင် ပညာရေးကဏ္ဍအဓိက လိုအပ်ချက်များအဖြစ် ကျောင်းအဆောက်အဦ တိုးချဲ့ရန်၊ သင်ထောက်ကူပစ္စည်းများ၊ အားကစားပစ္စည်း၊ ကျောင်းသုံးပရိဘောဂများ လိုအပ်လျက် ရှိရပါသည်။ ကျောင်းသူ/ သားများအား အားကစားကွင်းပြုလုပ်ရန် မြေနေရာရှိသော်လည်း ပြုပြင်တည်ဆောက် ပေးရန် ပံ့ပိုးမှုများလိုအပ်ပါသည်။ ကျေးရွာတွင် မူလတန်းပညာရေးမှ မူလွန်ပညာရေး အဆင့်ထိ ပညာသင်ကြားနိုင်သော်လည်း အထက်တန်းပညာရေးအား လပွတ္တာမြို့သို့ သွားရောက်၍ ဆက်လက်ပညာ သင်ကြားရပါသည်။ တက္ကသိုလ်ပညာရေးအား ပုသိမ်မြို့သို့ သွားရောက်သင်ကြားရပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေမှာ (၁.၇)ရှိပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၇၈.၂) ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက် သူများမှာ (၈.၆) ရာခိုင်နှုန်း၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၃.၆) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၂.၅၁) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ရှိပါသည်။ ကျေးရွာ၏ ကျန်းမာရေး အခြေအနေမှာ မိုးရာသီတွင် ကလေးအများဆုံးဖြစ်သော ရောဂါမှာ သွေးလွန်တုတ်ကွေး ဖြစ်သည့် တခါတရံကျေးရွာများ၏ ကလေးငယ်စုစုပေါင်း ၅၀%နှုန်းမှ ၇၅%ထိ ဖြစ်ပွားသည့်

နှစ်များ ကြုံခဲ့ဖူးပါသည်။ ကျန်းမာရေးဌာန၏ စီမံချက်အလိုက် ကာကွယ်ဆေးထိုးနှံခြင်းများ ပုံမှန်ရှိပါသည် သို့သော်လည်းရာသီအလိုက်ဖြစ်သော သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ အမျိုးသမီးရောဂါများ အခါအားလျော်စွာဖြစ်တတ်သော ပြင်းထန်လူနာများအာ ကျေးရွာတွင် ကုသနိုင်သည့် အခြေအနေမရှိသောကြောင့် ရေမိုင်(၂၀)မိုင်ကွာဝေးသော လပွတ္တာမြို့(၃) မိုင်မှ ကုတင်(၂၀၀)ဆံ့ ဆေးရုံ ကြီးများသို့ တက်ရောက်ကုသကြရသည်။

ကျေးရွာတွင် အိမ်ထောင်စုအားလုံးသည် မြေသာရေကန်နှင့် ရေတွင်းကိုသာ အဓိကထား၍ အသုံးပြုကြပါသည်။ ၎င်းကန်၏ ခြံစည်းရိုးများမှာ အရည်အသွေးညံ့ လှပါသည်။ ပြုပြင်ရန်လိုအပ်နေပါသည်။ ကျေးရွာလူဦးရေးအနေဖြင့် သောက်သုံးရေမှာ လုံလောက်မှု မရှိပါ။ နွေရာသီတွင် သောက်ရေအတွက် အခက်အခဲရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု (၇၄.၁%)ရှိပြီး မသန့်ရှင်းသောယင်လုံအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ (၂၅.၉%) ရှိပါသည်။ တွင်းမရှိသော အိမ်ထောင်စုများသည် နီးစပ်ရာမိသားစု အိမ်သာများတွင် အသုံးပြု ကြပါသည်။ အချို့အိမ်ထောင်စုများသည် ချောင်းကမ်းဘေးတွင် တွင်းမရှိအိမ်သာများ တည်ဆောက်ထားသောကြောင့် ဒီရေ အတက်/အကျ တည်ဆောက်ထားခြင်း ဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိသည့်အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ သဲ၊ ကျောက်များကို သဘော်ဖြင့် ဝယ်ယူနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များအနေနှင့် ငှက်မျိုးများ၊ ရေချို၊ ရေလုပ်ငန်း ငါးဖမ်းမျိုးစိတ်များရှိသည်ကို တွေ့ရပါသည်။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုအားဖြင့်မရှိ သော်လည်း မိသားစုဝင်များ ဆင်းရဲမှုကြောင့် စောင့်ရှောက်မှု လိုအပ်လျက်ရှိသော သက်ကြီး ရွယ်အိုများ ရှိနေပါသည်။ (၆၄)နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား(၁၁)ဦး၊ မ(၁၁)ဦးမှာ မိသားစုစောင့်ရှောက်မှုရှိသော်လည်း မိသားစုနွမ်းပါးမှုကြောင့် ထိခိုက်လွယ်သော အခြေ အနေနှင့် ရင်ဆိုင်နေရသည်။ ငွေကြေးအခက်အခဲနှင့် စားဝတ်နေရေးအတွက် အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေရသော အိမ်ထောင်စုများ ရှိပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေ အခက်အခဲကြောင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုး၍ ရသောကြောင့် လယ်သမားများ စိုက်ပျိုးရေး အခွင့်အလမ်းနည်းပါးပါသည်။ မုန်တိုင်းကျ

ရောက်ပါက ထိခိုက်လွယ်သောနေအိမ်များ ပျက်စီးကြပြီး မြစ်ကမ်းခြေဖြစ်သော်လည်း ဒီရေတာတမံ ဧရိယာအတွင်းရှိသောကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းများမရှိပါ။ အဓိကလောင်စာမှာ ထင်းအသုံးပြုမှုကို အဓိကထားသဖြင့် သစ်တောဖြုန်းတီးမှု လောင်စာရှားပါးမှုများ မြင့်တက်လျက်ရှိသည်။ ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ သွားလာရသောကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများလည်း ရှိပါသည်။

လူငယ်များအနေဖြင့် ၄င်္ဂပျားရောဂါနှင့် တီဘီရောဂါ ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသားအိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှု မရှိနိုင်ပါ။ ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြင်ပသို့ သွားရောက် အလုပ်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

သဘာဝအရင်းအမြစ်ဖြစ်သော မြေဆီလွှာမှာ အသင့်အတင့် ကောင်းမွန်သော်လည်း ဓါတုမြေဩဇာများ ကြာရှည်သုံးစွဲလာမှုကြောင့် မြေဆီလွှာပျက်ဆီးခြင်းများ အသင့်အတင့် တွေ့ရပါသည်။ ဖျက်ပိုးအန္တရာယ်မှာ သိသာသောပျက်စီးမှုများမရှိသော်လည်း ယခုအခါ ရွှေခရု အန္တရာယ်စိုးရိမ်နေရပြီးဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုတွင် အလေ့အကျင့် နည်းပါးခြင်းကြောင့် အန္တရာယ်ကျရောက်မှုတွင် အသင့်အတင့် ထိခိုက်မှုရှိနိုင်ပါ သည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါ သည်။ လူဦးရေစစ်တမ်းကောက်ယူလေ့လာတွေ့ရှိချက်အရ ကျေးရွာသည် ဗမာလူမျိုးအများဆုံး နေထိုင်ကြပါသည်။ ကိုယ်ကွယ်သောဘာသာအားဖြင့် ဗုဒ္ဓဘာသာများဖြစ်ကြပါသည်။ အိမ်ထောင်စုအားဖြင့် (၁၁၂)စုရှိပြီး လူဦးရေအားဖြင့် (ကျား-၂၃၄ ဦး၊ မ-၂၄၃ ဦး) စုစုပေါင်း (၄၇၇)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၁၇၀)ဦး၊ မ(၁၆၉)ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၁.၁%) ရှိပါသည်။

ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကိုတွေ့ရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့်လပြတ်စသည့် လုပ်သားများ ၄ားရမ်းလုပ်ဆောင်ကြပါသည်။ တစ်ရက်လျှင် လုပ်အားခအများဆုံးနှုန်းမှာ ကျပ်(၇၀၀၀ မှ ၁၀၀၀၀ ထိ) နေ့စားခရရှိ၍ လယ်ယာလုပ်ငန်းခွင်ပြီးဆုံးချိန်များတွင် ကျပ် (၃၀၀၀ မှ ၅၀၀၀ ထိ)

ရရှိနိုင်သော်လည်း အလုပ်အကိုင်အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ကျပန်း အလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်းနည်းပါကြပါသည်။

ကျေးရွာ၏ စီမံအုပ်ချုပ်မှုတွင် အမျိုးသမီးများပါဝင်ခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် တက်ကြွစွာပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများလုံးဝမရှိပါ။ မူးယစ်ဆေးသုံးစွဲမှုနှင့်ပတ်သက်၍ အရက်သေစာသောက်စားခြင်း အနည်းငယ်မျှသာရှိပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများမရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ အောင်နိုင်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေး အဆင့်
၁	အခြေခံအဆောက်အဦ	ကျောင်းဆောင်သစ် ရရှိရေးစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ရွာဝင်ကျောက်ချောလမ်းရရှိရေးစီမံချက်	၂
၃	အခြေခံအဆောက်အဦ	ချောင်းကူးတံတားရရှိရေး စီမံချက်	၃
၄	လျှပ်စစ်	ဆိုလာမီးလင်းရေးရရှိရေး စီမံချက်	၄
၅	အခြေခံအဆောက်အဦ	သောက်သုံးရေရရှိရေး စီမံချက်	၅

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

ပုံစံ(၁)

စီမံချက် အဆိုပြုလွှာ (သို့) စီမံချက် အကြောင်းအရာ (Project Profile)

ကျေးရွာ	- အောင်နိုင်
ကျေးရွာအုပ်စု	- အုန်းတပင်
မြို့နယ်	- လပွတ္တာ
တိုင်းဒေသကြီး / ပြည်နယ်	- ဧရာဝတီတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာကျောင်းဆောင်သစ်ရရှိရေးစီမံချက်	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • လက်ရှိကျေးရွာတွင် ကျောင်းဆောင်(၁)ဆောင်သာရှိသောကြောင့် ကျောင်းသားဦးရေနှင့် လုံလောက်မှုမရှိပါ။ • ကျောင်းဆောင် မလုံလောက်ခြင်းကြောင့် ကျေးရွာတွင်းရှိ ကလေးသူငယ်များ သင်ကြားရေး ပိုင်းတွင်ခက်အခဲများ ကြုံတွေ့ရပါသည်။ • လက်ရှိကျေးရွာကျောင်းတွင် ဆရာ/မဦးရေလုံလောက်စွာရှိသော်လည်း (၅)နှစ်အောက် ကလေး ငယ်များအတွက် အခြေခံပညာရေး အတွက်အားနည်းမှုများရှိပါသည်။ • မိဘများအနေဖြင့် မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်နေရသောကြောင့် မိမိရင်သွေး များ၏ ပညာရေးအပေါ် အချိန်ပေး မသင်ကြားနိုင်သောကြောင့် ကလေးများ၏ အခြေခံ အသိဉာဏ်ဖွံ့ဖြိုးမှု အားနည်းခြင်းများ တွေ့ရှိရပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒ ဖော်ပြရန်) • ကျောင်းသား၊ ကျောင်းသူများအတွက် စာသင်ကြားရာတွင် သက်တောင့်သက်သာ ဖြစ်စေရန်။ • ကျောင်းသား/သူများ ပညာသင်ယူရာတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို ကာကွယ်စေရန်။ • အခြားအတန်းမှ ကျောင်းသားများ စာသင်ကြားနေစဉ် ကလေးများထံမှ ဆူညံမှု အနှောက်အ ယှက် ကင်းဝေးစေရန်။ • ကျောင်းတက်ရောက်နေသောကလေးများအတွက် ကျောင်းနေပျော်စေရန်။	

မျော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ကျောင်းဆောင်သစ်ရရှိလာမည်ဆိုလျှင် ကျေးရွာတွင်းရှိ ကလေးများ၏ အသိညဏ်၊ဗဟုသုတ၊ အခြေခံစာတက်မြောက်မှု ကျောင်းသားဦးရေများပြားလာမည်။
- ကျောင်းသူ/သား များအတွက် ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်စေပြီး လုံခြုံစိတ်ချစွာ သင်ကြားနိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ကျောင်းဆောင်သစ် ၂ခန်းတွဲ အဆောင် (၄၀'×၂၆'×၉')ဆောက်လုပ်ခြင်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀,၀၀၀,၀၀၀ (ငွေသား) • ၁,၈၀၀,၀၀၀ (ငွေသား)	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၃၄	၂၄၃	၄၇၇	၃၀	၂၃	၃၀	၂၉	၁၁၂
အကျိုးခံစားမည့်သူဦးရေ	၂၃၄	၂၄၃	၄၇၇	၃၀	၂၃	၃၀	၂၉	၁၁၂
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အ စီအစဉ်

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- အောင်နိုင်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (လမ်းညွှန်ခြင်းနှင့် နည်းပညာပေးခြင်း)

(၂) **စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်

(၃) **စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်

(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- အောင်နိုင်ကျေးရွာ ကျောင်းဆောက်လုပ်ခြင်း လုပ်ငန်းအတွက် ကျေးရွာမှ အိမ်ထောင်စုများ အလိုက်ငွေအားနှင့် လုပ်အားထည့်ဝင်နိုင်ရန် ဆွေးနွေးဆုံးဖြတ်မည်။

(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲ လုပ်ဆောင်ပါမည်။
- ကျောင်းဆောက်လုပ်ခြင်းလုပ်ငန်းအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

အောင်နိုင်ကျေးရွာ၊ အုန်းတပင်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးနိုင်ဦး	ဦးဖိုးယိုင်	၁၄/လပတ(နိုင်)၀၇၇၅၀	၅၀	ဥက္ကဋ္ဌ	၀၉-၂၅၂၈၄၃၅၇
၂	ဦးမြင့်ကျော်	ဦးညွှန့်တင်	၁၄/လပတ(နိုင်)၁၅၀၅၁၃	၃၇	အတွင်းရေးမှူး	၀၉-၈၉၄၅၅၃၂၉၀
၃	ဒေါ်နိုင်နိုင်ချို	ဦးခင်ရွှေ	၁၄/လပတ(နိုင်)၁၅၆၅၂၈	၃၆	ဘဏ္ဍာရေးမှူး	၀၉-၂၅၁၁၁၉၅၈၉
၄	ဦးမြင့်ရွှေ	ဦးထွေး	၁၄/လပတ(နိုင်)၀၆၃၃၃၃	၆၀	စာရင်းကိုင်	၀၉-၇၈၈၈၀၃၀၄၇
၅	ဒေါ်ခင်ထွေးမော်	ဦးသာခင်	၁၄/လပတ(နိုင်)၁၇၉၃၆၀	၄၂	အဖွဲ့ဝင်	၀၉-၄၄၇၀၃၁၃၇၈
၆	ဒေါ်မြင့်မြင့်ခိုင်	ဦးလှ	၁၄/လပတ(နိုင်)၁၉၆၅၄၄	၃၉	အဖွဲ့ဝင်	၀၉၄၂၈၈၃၈၀၆
၇	ဦးလှဝင်း	ဦးတင်အေး	၁၄/လပတ(နိုင်)၂၃၉၀၂၁	၄၆	အဖွဲ့ဝင်	၀၉-၄၅၁၈၈၉၇၈၁
၈	ဦးခင်ရှိန်	ဦးညွှန့်တင်	၁၄/လပတ(နိုင်)၀၇၇၇၄၈	၅၀	အဖွဲ့ဝင်	၀၉-၂၅၁၀၁၀၄၄၀
၉	ဦးခင်မောင်ဦး	ဦးသာခင်	၁၄/လပတ(နိုင်)၀၇၆၁၃၈	၅၅	အဖွဲ့ဝင်	၀၉-၄၀၃၉၈၀၁၃၀

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၃	၈	၂၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၂၅	၄၆
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၆	၂၇	၄၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၇၀	၁၆၉	၃၃၉
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၁	၁၁	၂၂
စုစုပေါင်း		၂၃၄	၂၄၃	၄၇၇
စုစုပေါင်း အိမ်ထောင်စု		၁၁၂		

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။အောင်နိုင်ကျေးရွာသည် လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ လူဦးရေစစ်တမ်းကောက်ယူလေ့လာတွေ့ရှိချက်အရ ကျေးရွာသည် ဗမာလူမျိုးများနေထိုင်ကြပါသည်။ အိမ်ထောင်စုအားဖြင့် (၁၁၂)စုရှိပြီး လူဦးရေအားဖြင့်(၄၇၇)ဦး ရှိပါသည်။ ကျေးရွာသည် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့ အရွယ်(၁.၂၅%) ၅နှစ်အောက်ကလေးငယ် (၄.၄%)၊ မူလတန်းကျောင်းသားအရွယ် (၉.၆၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၉.၀၁%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၁.၁%)၊ အလုပ်မလုပ်နိုင်သည့် သက်ကြီးရွယ်အို (၄.၆၁%) ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၃၄)ဦး၊ မ (၂၄၃) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၁.၁.၀၅%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားသောကြောင့် ဝမ်းစာဖူလုံမှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အဓိကထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၀			မြင့်□လတ် ■နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၉၀			မြင့်□လတ်□နိမ့်■
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၀၀			မြင့်■လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်■
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀			မြင့်□လတ်■နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃၀			မြင့်□လတ်□နိမ့်■
၄	**သစ်တောလုပ်ငန်**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၀			မြင့်□လတ်□နိမ့်■
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၅၀			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၅၇၀**			☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အောင်နိုင်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်ငန်း လုပ်ကိုင်ခြင်းဖြင့် အဓိကဝင်ငွေရရှိသူများ ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်သူ အိမ်ထောင်စုဝင်များနှင့် အခြားဝင်ငွေရ လုပ်ကိုင်သူ အိမ်ထောင်စုဝင်များ အားလုံး၏ အလုပ်အကိုင်အခွင့်အလမ်း အလားလာအနေအထားမှာ အသင့်အတင့်တွင်သာ ရှိသည်ကို တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်	နေ့စား	၇၀၀၀		၅၀၀၀	

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	ငါးဖမ်းခြင်း၊ မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခ ဈေးနှုန်းများမှာ အသင့်အတင့် မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရှိပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ် စသည့် လုပ်သားများငှားရမ်းလုပ်ဆောင် ကြပါသည်။ တစ်ရက်လျှင် လုပ်အားခ အများဆုံးနှုန်းမှာ (၇၀၀၀ မှ၁၀၀၀၀ ထိ) နေ့စားခရရှိ၍ လယ်ယာလုပ်ငန်းခွင်ပြီးဆုံးချိန်များတွင် ငွေကျပ် (၃၀၀၀ မှ ၅၀၀၀ ထိ) ရရှိနိုင်သော်လည်း အလုပ်အကိုင် အနည်းငယ်သာရှိ၍ အများစုမှာ အလုပ်လက်မဲ့ ကျပန်းအလုပ်သမားများမှာ ရှာဖွေလုပ်ကိုင်ကြပါသည်။ အမျိုးသမီးအများစု၏ ဝင်ငွေရလုပ်ငန်းမှာ အလွန်နည်းပါးကြပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၈၆	ကောင်း ☐	သင့်■	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၆	ကောင်း ☐	သင့်■	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၁၃	ကောင်း ☐	သင့်☐	ညံ့ ■
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၆၀၅**	☒		

ရင်းမြစ် ...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ **။ကျေးရွာသည် အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဖြစ်သောကြောင့် မြေဆီလွှာ အရည်အသွေးအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်၍ စိုက်ပျိုးလယ်ဧက ပိုင်ဆိုင်မှုမှာ (၅၈၆)ဧက၊ ဥယျာဉ်ခြံမြေမှာ(၆)ဧကနှင့် ခနိတောမြေမှာ(၁၃)ဧကသာ ရှိပါသည်။ မြေဆီလွှာအရည် အသွေးမှာ စပါးသီးနှံအတွက် သင့်တင့်သော်လည်း အခြားသီးထပ်သီးနှံများစိုက်ပျိုးနိုင်ခြင်း မရှိပါ။ နွေစပါးစိုက်ပျိုး၍ ရနိုင်သော်လည်း စိုက်ပျိုးရေအခက်အခဲကြောင့် စိုက်ပျိုးခြင်း မရှိပါ။**

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ■	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ■

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ☐ သင့်☐ နည်း■ မရှိ☐	လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း■ မရှိ☐	လွယ်☐ ခက်■ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ■	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက် သယံဇာတများ မရှိသည့် အတွက် ၎င်းတို့နှင့် ပတ်သတ်ဆက်နွယ်သော လုပ်ငန်းများ အသုံးပြုလုပ်ကိုင်ခြင်း မရှိပါ။ သဲ၊ ကျောက်များကို သဘော်ဖြင့် ဝယ်ယူနိုင်ပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနေနှင့် ငှက်မျိုးများနှင့် ငါးမျိုးစိတ်များ ရှိသည်ကို တွေ့ရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၂၀ကမှ ၃၀ကထိ	၁၀ကမှ ၂၀ကထိ	၅ကမှ ၁၀ကထိ	၃ကမှ ၅ကထိ
အိမ်အခြေအနေ	သွပ်မိုး၊ ဓနိကာအိမ်	သွပ်မိုး၊ ဓနိကာအိမ်	ပျဉ်ခင်း၊ ဓနိမိုး/ကာ	ဝါးအိမ်၊ ဓနိမိုး/ကာ
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ ထော် လာဂျီ၊ စက်လှေ	ဆိုင်ကယ်၊ ထော်လာဂျီ၊ စက်လှေ၊ လှေ	လှေ	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊	စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဈေးရောင်း၊	ကျပန်း၊ မွေးမြူရေး	နေ့စားလုပ်သား
အိမ်ထောင်စု	**၃၀**	**၂၃**	**၃၀**	**၂၉**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် အိမ်ထောင်စုအားဖြင့် (၁၁၂)အိမ်ရှိပြီး အဆင်ပြေသောအိမ်ထောင်စု (၂၆.၈%)မှာ ဝင်ငွေကောင်းသော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကို လုပ်ကိုင်ကြ

ပါသည်။ အလယ်အလတ် အိမ်ထောင်စု (၂၀.၅၃%)မှာ ဝင်ငွေအသင့်အတင့်ရသော စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို လုပ်ကိုင်အသက်မွေး ကြပါသည်။ မပြေလည်သော အိမ်ထောင်စု (၂၆.၈%)မှာ တစ်ပိုင်တစ်နိုင် မွေးမြူရေးနှင့် ကျပန်းဝင်ငွေရလုပ်ငန်းများ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စု(၂၅.၉%)မှာ ကြုံရာကျပန်းလုပ်ငန်းများဖြင့် လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့်နည်းဗျူဟာ**(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အိုအားဖြင့် မရှိသော်လည်း မိသားစုဝင်များ ဆင်းရဲမှုကြောင့် စောင့်ရှောက်မှု လိုအပ်လျက်ရှိသော သက်ကြီးရွယ်အိုများ ရှိနေပါသည်။ ၆၄ နှစ်နှင့်အထက် သက်ကြီးရွယ်အို ကျား(၁၁)ဦး၊ မ(၁၁)ဦးမှာ မိသားစုစောင့်ရှောက်မှုရှိသော်လည်း မိသားစုများနွမ်းပါးမှုကြောင့် ထိခိုက်လွယ်သော အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ငွေကြေးအခက်အခဲနှင့် စားဝတ်နေရေးအတွက် အခြားဒေသသို့ သွားရောက် လုပ်ကိုင်နေရသော အိမ်ထောင်စုများ ရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် □လတ်■နိမ့်□မရှိ □
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် □လတ် □နိမ့်■မရှိ □
၃	ရေကြီးခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၄	မိုးခေါင်ခြင်း	မြင့် □လတ် ■နိမ့်□မရှိ □
၅	အအေးလွန်ကဲခြင်း	မြင့် □လတ် □နိမ့်■မရှိ □
၆	မုန်တိုင်း	မြင့် □လတ် ■နိမ့်□မရှိ □
၇	ငလျင်	မြင့် □လတ် □နိမ့်■မရှိ □
၈	မီးဘေး	မြင့် □လတ် □နိမ့်■မရှိ □
၉	ဆားငန်ရေဝင်မြေ	မြင့် □လတ် □နိမ့်■မရှိ □
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် □လတ် □နိမ့်□မရှိ ■
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် □လတ် ■နိမ့်□မရှိ □
၁၂	ငှက်ဖျားရောဂါ	မြင့် □လတ် □နိမ့်■မရှိ □
၁၃	တီဘီရောဂါ	မြင့် □လတ် □နိမ့်■မရှိ □
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် □လတ် □နိမ့်□မရှိ ■
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် □လတ် □နိမ့်□မရှိ ■
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် □လတ် □နိမ့်□မရှိ■
၁၇	လူကုန်ကူးခြင်း	မြင့် □လတ် □နိမ့်□မရှိ ■

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် □လတ် ■နိမ့်□မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး အခက်အခဲကြောင့် မိုးစပါးတစ်မျိုးကိုသာ စိုက်ပျိုး၍ ရသောကြောင့် လယ်သမားများ စိုက်ပျိုးရေး အခွင့်အလမ်းနည်းပါးပါသည်။ မုန်တိုင်းကျရောက်ပါက ထိခိုက်လွယ်သောနေအိမ်များ ပျက်စီးကြပြီး မြစ်ကမ်းခြေဖြစ်သော်လည်း ရေကြီးခြင်းများသည် မိုးရာသီတွင် အနည်းငယ်ရှိပါသည်။ အဓိက လောင်စာမှာ ထင်းအသုံးပြုမှုကို အဓိကထားသဖြင့် သစ်တောဖြုန်းတီးမှု လောင်စာရှားပါးမှုများ မြင့်တက်လျက်ရှိသည်။ ရေလမ်းခရီးတစ်ခုတည်းဖြင့်သာ သွားလာရသောကြောင့် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲများလည်းရှိပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်■မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် ■နိမ့်□မရှိ □
၃	ဆင်းရဲသားတောင်သူ	မြင့်□လတ် ■နိမ့်□မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ	မြင့် □လတ် ■နိမ့်□မရှိ □
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် ■နိမ့်□မရှိ □
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် □လတ် ■နိမ့်□မရှိ □
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် □လတ် □နိမ့်□မရှိ ■
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် ■နိမ့်□မရှိ ■
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်□မရှိ ■
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်■လတ် □နိမ့်□မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်■မရှိ□
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၅	ဆေးစွဲသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်■မရှိ □

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ■
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်■မရှိ □
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်□မရှိ ■

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များအနေဖြင့် ငှက်ဖျားရောဂါနှင့် တီဘီရောဂါ ထိခိုက်သက်ရောက်မှု အနည်းငယ်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသား အိမ်ထောင်စုများသည် ဝမ်းစာဖူလုံမှု မရှိနိုင်ပါ။ ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် ပြင်ပသို့ သွားရောက် အလုပ်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ	၁□ ၂■ ၃□	၄	၃	၇	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ■ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း ■ သင့် □ ညံ့ □
၂	ကျောင်းအကျိုးဆောင် အဖွဲ့	၁□ ၂■ ၃□	၁၀	၃	၁၃	ပညာရေး■ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး■	ကောင်း □ သင့် ■ ညံ့ □
၃	ဘာသာရေး အသင်းအဖွဲ့ (ဗုဒ္ဓဘာသာ)	၁□ ၂□ ၃■	၃၄	၁	၃၅	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး□	ကောင်း □ သင့် ■ ညံ့ □
၄	ဘာသာရေး အသင်းအဖွဲ့	၁□ ၂□ ၃■	၂၀	၂၀	၄၀	ပညာရေး□ဘွေကြေး□ ကျန်းမာရေး□ဘာသာရေး■ စိုက်ပျိုးမွေးမြူရေး □	ကောင်း □ သင့် ■

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	(နှစ်ခြင်းခရစ်ယာန်)					သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ညံ့ ☐
၆	ကျန်းမာရေးအဖွဲ့	၁☐ ၂■ ၃☐	၅	၂	၇	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး■ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ☐ သင့် ■ ညံ့ ☐
၇	အရန်မီးသတ်တပ်ဖွဲ့	၁☐ ၂■၃☐	၅		၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး■	ကောင်း ☐ သင့် ■ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အသင်းအဖွဲ့အစည်းများပြီး ကဏ္ဍအသီးသီးတွင် ဖွဲ့စည်းထားရှိပြီးဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲရှိပါသည်။ ကျေးရွာအဖွဲ့အစည်းများသည် စိတ်အားထက်သန်စွာ ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂■ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ငွေကြေး■ ကျန်းမာရေး■ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ■ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂	မာစီကော့	၁□ ၂■ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ငွေကြေး■ ကျန်းမာရေး■ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ■ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းများမှ စိုက်ပျိုးရေးချေးငွေ၊ ပညာရေးချေးငွေ၊ ကျန်းမာရေးချေးငွေနှင့် စက်မှုလုပ်ငန်းချေးငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်း စသည် ခေါင်းစဉ်များဖြင့် ချေးယူသုံးစွဲကြပါသည်။ ထိုအဖွဲ့အစည်းများကြောင့် ချေးငွေနှင့် ပတ်သတ်သည့်များမှာ ကျေးရွာလူထုအတွက် အသင့်အတင့်အဆင် ပြေကြောင်း တွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၈၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်		ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား		တောင်သူငယ်

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၂၆	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၁၁၂**	☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် အများစုမှာ မြေယာမဲ့ဖြစ်ကြ၍ ငါးဖမ်းလုပ်ငန်းနှင့် အခြားကျပန်း လက်လုပ်လက်စားများဖြစ်ကြသည်။ လယ်ယာလုပ်ငန်းသည် အဓိကအသက်မွေးဝမ်းကျောင်းဖြစ်ပြီး ရေလုပ်ငန်း၊ မွေးမြူရေးနှင့် အခြားကျပန်းလုပ်ငန်းများမှာ စာဝတ်နေရေးအတွက် အဆင်ပြေရုံမျှသာဖြစ်ပြီး စီးပွားဖြစ်လုပ်ကိုင်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာများပို့ချနိုင်ပါက စပါးသီးနှံထွက်နှုန်းကောင်းမွန်လာနိုင်ပါသည်။

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၅၉၆	တစ်နှစ်ပတ်လုံး☐ရာသီအလိုက်■ မဖြေဆိုပါ☐	ရှိ☐ မရှိ■ မဖြေဆိုပါ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၆	လက်င်ရေတွင်း		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆည်မြောင်းဦးစီးဌာနမှ ရေကာတာတည်ဆောက်ပေးထားသော်လည်း ရေလှောင်ဧရိယာမှာ ကျဉ်း၍ ပါသဖြင့် တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ မရနိုင်ပါ။

စိုက်ပျိုးမြေများရှိသော်လည်း ရေလုံလောက်မှုမရှိသော ကြောင့် နွေသီးနှံများ စိုက်ပျိုး၍ မရနိုင်ပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၅၈၆	တင်း	၄၀	၆၀	၅၀	ဇူလိုင် လ	ဒီဇင် ဘာ လ	မြင့်□လတ်■နိမ့်□	မြင့်□လတ်■နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည် မိုးစပါးတစ်မျိုးကိုသာ အဓိက စိုက်ပျိုး၍ တစ်ဧကလျှင် နည်းဆုံးတင်း(၄၀)မှ အများဆုံးတင်း(၆၀)ထိ ထွက်ရှိပါသည်။ ပျမ်းမျှအားဖြင့် တင်း(၅၀)ခန့် ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၂၁			၄
လက်တွန်းထွန်စက်	၄			
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြေလှေ့စက်	၁			
ရိတ်သိမ်းစက်				
ခြေလှေ့စက်	၄			
ရေစုပ်စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ စိုက်ပျိုးရေး ကရိယာပိုင်ဆိုင်မှု အခြေအနေမှာ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရိတ်သိမ်းခြွေလှေစက်နှင့် ခြွေလှေစက် စသည်များ အသီးသီးရှိကြသည်ကို တွေ့ရှိရပါသည်။ ရေစုပ်စက်မရှိပါ လုပ်ငန်းလုပ်ဆောင်ရန် ရေစုပ်စက်လည်းလိုအပ်လျက်ရှိပါသည်။ ကျွဲ၊ နွားများ၏ စားကျက်မြေရှားပါးခြင်း၊ လုပ်သားအင်အား ရှားပါးခြင်းများကြောင့် မိသားစုပိုင် လက်တွန်းထွန်စက်ငယ်များ တွင်ကျယ်စွာ အသုံးပြုလာ ကြပါသည်။ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ပိုင်ဆိုင်မှုမရှိသော အချို့လယ်သမားများသည်လည်း လိုအပ်သော စိုက်ပျိုးရေးသုံး စက်ပစ္စည်းများကို ငှာရမ်းအသုံးပြု လုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ■ မဖြေဆိုပါ□
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း□ ကောင်း■ သင့်တင့်မျှတ□ မဖြေဆိုပါ□
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ□အသင့်အတင့်ရှိ■ မဖြေဆိုပါ□
